# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ်၊ ၁ / ၂၀၂၅

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

## သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းဆိုင်ရာ ညွှန်ကြားချက်

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၄၊ ၂၅ နှင့်၂၆ တို့ပါ ပြဋ္ဌာန်းချက်များအရ သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင် နေရာချထားခြင်းဆိုင်ရာညွှန်ကြားချက်ကို မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေ ပုဒ်မ ၂၉၄ - ခ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် လိုက်သည်။

### သက်ဆိုင်ခြင်း

၁။ ဤအမိန့်ကြော်ငြာစာသည် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း (Seafarers Recruitment and Placement) တို့အတွက် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရေးအတွက် လိုင်စင်လျှောက်ထားခြင်း ကိစ္စများ၊ သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တာဝန်ယူရမည့်ကိစ္စများနှင့် လိုက်နာဆောင်ရွက်ရမည့်ကိစ္စများဆိုင်ရာ စည်းကမ်းသတ်မှတ်ချက် များနှင့် သက်ဆိုင်စေရမည်။

### အဓိပ္ပာယ်ဖော်ပြချက်များ

၂။ ဤအမိန့်ကြော်ငြာစာပါ စကားရပ်များသည် မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပါ စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ဖော်ပြပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သင်္ဘောသားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း (Seafarers Recruitment and Placement Service)** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် သက်တမ်းရှိသောလိုင်စင်ကို ကိုင်ဆောင်၍ သင်္ဘောသားများကို စုဆောင်းခြင်း

သို့မဟုတ် အလုပ်နေရာချထားခြင်း ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်၊

(ခ) **လိုင်စင်** ဆိုသည်မှာ ဦးစီးဌာနက ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား သင်္ဘောသား စုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ကို ငါးနှစ် သက်တမ်းကာလအတွင်း လုပ်ကိုင်နိုင်ရန် ထုတ်ပေးထားသော လက်မှတ်ကို ဆိုသည်၊

(ဂ) **ယာယီလိုင်စင်** ဆိုသည်မှာ ဦးစီးဌာနက ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား သင်္ဘောသားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ကို သတ်မှတ်ထားသည့် နှစ်နှစ်သက်တမ်းကာလအတွင်း ကနဦးအနေဖြင့် လုပ်ကိုင်နိုင်ရန် ယာယီထုတ်ပေးထားသောလက်မှတ်ကို ဆိုသည်၊

(ဃ) **သင်္ဘောပိုင်ရှင်** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်-

(၁) သင်္ဘောပိုင်ရှင်အဖြစ် မှတ်ပုံတင်ထားသော ပိုင်ရှင် သို့မဟုတ် ကုမ္ပဏီ၊

(၂) သင်္ဘောပိုင်ရှင်အဖြစ် မှတ်ပုံတင်ထားခြင်းမရှိသော်လည်း သင်္ဘောအား အမှန်တကယ်ပိုင်ဆိုင်သူ၊

(၃) သင်္ဘောပိုင်ရှင်ကိုယ်စား သင်္ဘောနှင့်သက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်လွှဲအပ်ထားသူ၊ မန်နေဂျာ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၊

(၄) သင်္ဘောလုပ်ငန်းဆောင်ရွက်သူ၊

(၅) သင်္ဘောစင်းလုံးငှားရမ်းသူ သို့မဟုတ် လူမပါသင်္ဘောစင်းလုံး ငှားရမ်းသူ။

(င) **သဘောတူစာချုပ် (Agreement Contract)** ဆိုသည်မှာ သင်္ဘောပိုင်ရှင်နှင့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းတို့အကြား သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းဆိုင်ရာဝန်ဆောင်မှု ကိစ္စရပ်များအပြင် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းက စုဆောင်းပေးသည့်သင်္ဘောသားများအပေါ် သင်္ဘောပိုင်ရှင်၏တာဝန်ရှိမှု များအတွက် သင်္ဘောသားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း အား သင်္ဘောပိုင်ရှင်က တာဝန်ခံကြောင်းချုပ်ဆိုသည့်စာချုပ်ကို ဆိုသည်၊

(စ) **အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement - SEA)** ဆိုသည်မှာ သင်္ဘောပိုင်ရှင်နှင့် သင်္ဘောသားတို့အကြား အလုပ်ခန့်ထားမှုဆိုင်ရာ စာချုပ်

(Employment Contract) နှင့် သဘောတူညီချက်တွင် ပါဝင်သော အပိုဒ်များ (Articles of Agreement) ကို ဆိုသည်၊

(ဆ) **စုပေါင်းညှိနှိုင်းသဘောတူစာချုပ် (Collective Bargaining Agreement - CBA)** ဆိုသည်မှာ သက်ဆိုင်ရာအလံတင်နိုင်ငံက အသိအမှတ်ပြုထားသော သင်္ဘောသား အလုပ်ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့်သဘောတူညီချက်ဖြစ်ပြီး သင်္ဘောပိုင်ရှင်များ သို့မဟုတ် သင်္ဘောပိုင်ရှင်များကို ကိုယ်စားပြုသည့် အဖွဲ့အစည်းနှင့် အလုပ်သမား သမဂ္ဂ သို့မဟုတ် အလုပ်သမားများကို ကိုယ်စားပြုသည့် အဖွဲ့အစည်းတို့အကြား ပေါင်းစပ်ညှိနှိုင်း၍ သဘောတူညီချက်ဖြင့် အတည်ပြုထားသော တရားဝင်စာချုပ် ကိုဆိုသည် {စုပေါင်းညှိနှိုင်းသဘောတူစာချုပ်(CBA)တွင် သင်္ဘောသားများအတွက် လုပ်အားခ၊ အလုပ်ချိန်၊ အလုပ်ခွင်စည်းကမ်းနှင့် အခြေအနေများ၊ ရပိုင်ခွင့် တောင်းဆိုမှုနှင့် ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများစသည့် စည်းကမ်း သတ်မှတ်ချက်များလည်း ပါဝင်သည်}၊

(ဇ) **အနိမ့်ဆုံးစံနှုန်းသတ်မှတ်ချက်များ (Minimum Standards of Terms and Conditions)** ဆိုသည်မှာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊သင်္ဘောသား အဖွဲ့အစည်းများ၊ သင်္ဘောပိုင်ရှင်နှင့်သင်္ဘောပိုင်ရှင်၏ကိုယ်စားလှယ်များ ပါဝင်ပြီး သုံးဦးသုံးဖလှယ် ပေါင်းစပ်ညှိနှိုင်း သဘောတူညီချက်ဖြင့် ရေးဆွဲထားသော သင်္ဘောသားများကို အလုပ်ခန့်ထားရာတွင် သင်္ဘောသားများနှင့် သင်္ဘောပိုင်ရှင်တို့ အကြား အနိမ့်ဆုံးစံနှုန်းအဖြစ် မဖြစ်မနေ လိုက်နာဖြည့်ဆည်းဆောင်ရွက်ရမည့် သတ်မှတ်ချက်များကို ဆိုသည်။

## လိုင်စင်လျှောက်ထားခြင်း

၃။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ပြည့်စုံပါက လိုင်စင်လျှောက်ထားနိုင်သည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း ဖြစ်ခြင်း၊

(ခ) ဝန်ဆောင်မှုလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက် ရရှိပြီးဖြစ်ခြင်း၊

(ဂ) ဦးစီးဌာနက သတ်မှတ်ထားသောအာမခံအတွက် အာမခံစပေါ်ငွေကို ပေးသွင်းနိုင် ခြင်း၊

(ဃ) မြန်မာသင်္ဘောသားများအား အမှန်တကယ် အလုပ်ရှာဖွေပေးနိုင်မှုရှိရမည် ဖြစ်ပြီး ဦးစီးဌာန၏သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်မှုရှိခြင်း။

၄။ လိုင်စင်လျှောက်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် ဦးစီးဌာနကသတ်မှတ်ထားသည့်လျှောက်လွှာပုံစံနှင့်အတူ အပိုဒ် ၃(က)၊ (ခ) နှင့် (ဂ)တို့ပါ သတ်မှတ်ချက်များ ပြည့်စုံကြောင်း အထောက်အထားနှင့် မြန်မာသင်္ဘောသားများအား အမှန်တကယ် အလုပ်ရှာဖွေပေးမည် ဖြစ်ပြီး ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိနှင့်အတူ အောက်ပါအချက်အလက်များအား ပူးတွဲ၍ ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားရမည်-

(က) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားသည့် သက်တမ်းရှိ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်မိတ္တူမှန်၊

(ခ) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဒါရိုက်တာများ စာရင်း(ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက အတည်ပြုထားသည့် ဒါရိုက်တာများစာရင်း)၊

(ဂ) အပိုဒ်ခွဲ(ခ) ပါ ဒါရိုက်တာများ၏ ကိုယ်ရေးရာဇဝင်၊

(ဃ) လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း၊

(င) လိုင်စင်လျှောက်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ဖွဲ့စည်းပုံနှင့်အင်အား၊

(စ) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းတစ်ခု၏ ရုံးခန်းအကျယ်အဝန်းသည် အနည်းဆုံးစတုရန်းပေ ၁,၀၀၀ ရှိရမည်ဖြစ်ပြီး အဆိုပါ ရုံးခန်းသည် ဒါရိုက်တာတစ်ဦးဦးက ပိုင်ဆိုင်သော သို့မဟုတ် ငှားရမ်းထားသော အခန်း ဖြစ်ခြင်း၊

(ဆ) လိုင်စင်လျှောက်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက သင်္ဘောသားများ စေလွှတ်ခန့်ထားခြင်းပြုရန် ရည်ရွယ်သည့် သင်္ဘောကုမ္ပဏီအမည်နှင့် ခန့်ထား ခွင့်ပြုကြောင်း ယင်းကုမ္ပဏီ၏ သဘောတူညီချက်၊

(ဇ) လိုင်စင်လျှောက်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းက လိုင်စင်သက်တမ်း ငါးနှစ်တာကာလအတွင်း သင်္ဘောသားများ စေလွှတ်ခန့်ထားခြင်းပြုရန် လျာထား

သည့်အရေအတွက်၊ သင်္ဘောသားများ၏အသေးစိတ်အချက်အလက်များနှင့် လစာငွေစာရင်း၊

(ဈ) သင်္ဘောသားအလုပ်အကိုင် ခန့်ထားခြင်းအတွက် သင်္ဘောသားထံမှ ငွေကြေးကောက်ခံမှုမပြုကြောင်းနှင့် ဝန်ဆောင်ခကို သင်္ဘောပိုင်ရှင် သို့မဟုတ် သင်္ဘောကုမ္ပဏီက မည်သို့ပေးအပ်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် သင်္ဘောကုမ္ပဏီနှင့် လိုင်စင်လျှောက်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတို့အကြား သဘောတူညီချက်၊

(ည) လိုင်စင်လျှောက်ထားသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဒါရိုက်တာများသည် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းနှင့် စပ်လျဉ်း၍ ဦးစီးဌာနကလည်းကောင်း၊ တရားရုံးကလည်းကောင်း အရေးယူခံခဲ့ရခြင်းမရှိကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းဝန်ခံချက်၊

(ဋ) ဒါရိုက်တာအဖွဲ့ဝင်များတွင် မြန်မာနိုင်ငံသားတစ်ဦး အနည်းဆုံးပါဝင်ရမည်ဖြစ်ပြီး ၎င်းသည် ရေကြောင်းဘက်ဆိုင်ရာ အတွေ့အကြုံရှိပြီး စီမံခန့်ခွဲမှုအဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် အပြည်ပြည်ဆိုင်ရာခရီးစဉ်သွား သင်္ဘောများတွင် စီမံခန့်ခွဲသူအဆင့် (Management Level) ဖြင့် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ကြောင်း အထောက်အထား။

**လိုင်စင်ထုတ်ပေးခြင်း**

၅။ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်ကိုက်ညီပါက လိုင်စင်ထုတ်ပေးသွားမည် ဖြစ်ပါသည်-

(က) ဦးစီးဌာနသည် သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီသည့် လျှောက်ထားခြင်းများအတွက် အာမခံစပေါ်ငွေနှင့် ယာယီလိုင်စင်အတွက် သတ်မှတ်လိုင်စင်ကြေးပေးသွင်းစေ၍ ယာယီလိုင်စင်ကို သက်တမ်းနှစ်နှစ်အထိ ထုတ်ပေးနိုင်သည်၊

(ခ) သင်္ဘောသားစုဆောင်းခြင်း နှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းသည် ယာယီလိုင်စင်ကိုင်ဆောင်ထားစဉ်ကာလအတွင်း ဦးစီးဌာနကသတ်မှတ်ထားသည့် အနည်းဆုံးခန့်ထားနိုင်ရမည့် သင်္ဘောသားအရေအတွက် ပြည့်မီခြင်း၊ ထုတ်ပြန်ထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ခြင်းရှိကြောင်း ကျေနပ်ဖွယ်တွေ့ရှိပါက ယာယီလိုင်စင်သက်တမ်း ကုန်ဆုံးချိန်တွင် လိုင်စင်အတွက် သတ်မှတ်လိုင်စင်ကြေးပေးသွင်းစေ၍ လိုင်စင်ကို ထုတ်ပေးရမည်၊

(ဂ) ဦးစီးဌာနသည် လိုင်စင်ထုတ်ပေးခြင်းအတွက် ခွင့်ပြုချက်ပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) သဘော်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းမှ လိုင်စင်လျှောက်ထားလာပါက သဘော်သားဌာနခွဲအား ယင်းလုပ်ငန်းသို့ သွားရောက်၍ လုပ်ငန်းများအား မှန်ကန်စွာဆောင်ရွက်ခြင်း ရှိမရှိ စစ်ဆေး စေရမည်၊

(၂) အပိုဒ်ခွဲငယ်(၁)အရ စစ်ဆေးခြင်းကိုဆောင်ရွက်ပြီးစီးပါက သဘော်သားဌာနခွဲ သည် အဆိုပါလုပ်ငန်းအား လိုင်စင်ထုတ်ပေးနိုင်ရန် ညွှန်ကြားရေးမှူးချုပ် ထံသို့ တင်ပြရမည်၊

(၃) ညွှန်ကြားရေးမှူးချုပ်ထံမှ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုချက်ရရှိပါက သဘော်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းအား လိုင်စင်ထုတ်ပေးရမည်။

(ဃ) ဦးစီးဌာနသည် ခွင့်ပြုချက်ထုတ်ပေးပြီးနောက် သုံးလအတွင်း ယာယီလိုင်စင်ကြေး၊ အာမခံစပေါ်ငွေနှင့် လိုင်စင်အတွက် သက်တမ်းတိုးရန် လိုင်စင်ကြေးတို့အား လက်ခံရရှိခြင်းမရှိပါက ခွင့်ပြုချက်ကို ပယ်ဖျက်ရမည်။

**လိုင်စင်ကြေး**

၆။ လိုင်စင်လျှောက်ထားခြင်းအတွက် ဦးစီးဌာနမှ ခွင့်ပြုချက်ရရှိပါက အောက်ပါသက်ဆိုင်ရာ လိုင်စင်ကြေးကို ဦးစီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ ပေးသွင်းရမည်-

(က) ယာယီလိုင်စင်အတွက် ၅၀၀,၀၀၀ ကျပ်၊

(ခ) လိုင်စင်အတွက် ၂,၅၀၀,၀၀၀ ကျပ်။

**လိုင်စင်သက်တမ်းတိုးခြင်း**

၇။ သဘော်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းသည် ရရှိသည့် လိုင်စင်သက်တမ်းအတွင်း ဦးစီးဌာန၏သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်မှုရှိပါက လိုင်စင်သက်တမ်းတိုးရန် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လိုင်စင်သက်တမ်းတိုးရန် သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ ဦးစီးဌာနသို့ လျှောက်ထားခြင်း၊

(ခ) လိုင်စင်သက်တမ်းတိုးလျှောက်ထားရာတွင် ဦးစီးဌာနက သတ်မှတ်ထားသော လိုင်စင်သက်တမ်းတိုးလျှောက်လွှာပုံစံနှင့်အတူ အောက်ဖော်ပြပါ အချက်အလက်နှင့် အထောက်အထားများ ပူးတွဲတင်ပြ၍ ဦးစီးဌာနသို့ လျှောက်ထားခြင်း-

(၁) လိုင်စင်သက်တမ်းတိုး လျှောက်ထားသည့် သင်္ဘောသားစုဆောင်းခြင်း နှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းအား ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးထားသည့် သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်မိတ္တူမှန်၊

(၂) လိုင်စင်သက်တမ်းတိုးလျှောက်ထားသည့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း၏ဒါရိုက်တာများစာရင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက အတည်ပြုထားသည့် ဒါရိုက်တာများစာရင်း၊

(၃) အပိုဒ်ခွဲငယ် (၂) ပါ ဒါရိုက်တာများ၏ ကိုယ်ရေးရာဇဝင်၊

(၄) လိုင်စင်သက်တမ်းတိုး လျှောက်ထားသည့် သင်္ဘောသားစုဆောင်းခြင်း နှင့် အလုပ်အကိုင် နေရာချထားခြင်းလုပ်ငန်း၏ ဖွဲ့စည်းပုံနှင့် အင်အားစာရင်း၊

(၅) လိုင်စင်သက်တမ်းတိုး လျှောက်ထားသည့် သင်္ဘောသားစုဆောင်းခြင်း နှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော သင်္ဘောပိုင်ရှင်နှင့် ချုပ်ဆိုထားသည့် သဘောတူစာချုပ် (Agreement Contract) မိတ္တူမှန်၊

(၆) လိုင်စင်သက်တမ်းတိုး လျှောက်ထားသည့် သင်္ဘောသားစုဆောင်းခြင်း နှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း အစီအစဉ်ဖြင့် သက်ဆိုင်ရာ သင်္ဘောများပေါ်တွင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော သင်္ဘောသားစာရင်း (Onboard Crew List)၊

(၇) လိုင်စင်ရရှိထားသည့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းအား နှစ်စဉ်ပုံမှန်စစ်ဆေးခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးရန် စစ်ဆေးခြင်းနှင့် အခါအားလျော်စွာ ရှောင်တခင်စစ်ဆေးခြင်းများကို ခံယူပြီးကြောင်းအထောက်အထား။

(ဂ) လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းကို လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လျှောက်ထားပါက ပထမသုံးလအတွက် သက်ဆိုင်ရာလိုင်စင်ကြေး၏ နှစ်ဆကို

လည်းကောင်း၊ ဒုတိယသုံးလအတွက် သက်ဆိုင်ရာလိုင်စင်ကြေး၏ လေးဆကို လည်းကောင်း မူလလိုင်စင်ကြေးအပြင် ထပ်ဆောင်း၍ ဦးစီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ ပေးသွင်းခြင်း။

၈။ ဦးစီးဌာနသည် လိုင်စင်သက်တမ်းတိုးလျှောက်ထားသည့် ကုမ္ပဏီက အပိုဒ် ၇ ပါ လိုင်စင်သက်တမ်းတိုးလုပ်ငန်းစဉ်အတိုင်း ပြည့်စုံစွာဆောင်ရွက်ပြီးပါက သက်တမ်းတိုးလိုင်စင် ထုတ်ပေးရမည်။

၉။ ဦးစီးဌာနသည် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်း၏ ယာယီလိုင်စင်သက်တမ်းကုန်ဆုံးချိန်မှစ၍ သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိလျှင် ယာယီလိုင်စင်အား ပယ်ဖျက်ရမည်။ သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း၏ လိုင်စင်သက်တမ်း ကုန်ဆုံးချိန်မှစ၍ သင်္ဘောသားစုဆောင်းစေလွှတ်ခွင့်ကို ဆိုင်းငံ့ထားရမည်ဖြစ်ပြီး ခြောက်လအတွင်း လိုင်စင်သက်တမ်းတိုး လျှောက်ထားခြင်းမရှိလျှင် ဦးစီးဌာနက ထုတ်ပေးထားသည့် လိုင်စင်ရုပ်သိမ်းခြင်းများကို ဆောင်ရွက်ရမည်။

**သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း၏ လုပ်ငန်းတာဝန်များနှင့် စည်းကမ်းသတ်မှတ်ချက်များ**

၁၀။ သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းသည် အောက်ပါ လုပ်ငန်းတာဝန်များနှင့် စည်းကမ်းသတ်မှတ်ချက်များကို တာဝန်ခံ၍ လိုက်နာဆောင်ရွက်ရမည်-

(က) သင်္ဘောသားနှင့်သင်္ဘောပိုင်ရှင်တို့အကြား ချုပ်ဆိုသည့် အလုပ်ခန့်ထားမှုဆိုင်ရာ စာချုပ်တွင် ပါရှိသောသင်္ဘောသားများအတွက် အခွင့်အရေးများသည် သက်ဆိုင်ရာ စုပေါင်းညှိနှိုင်းသဘောတူစာချုပ်(CBA)အတိုင်း အပြည့်အဝရရှိစေရမည် {အဆိုပါ စုပေါင်းညှိနှိုင်းသဘောတူစာချုပ် (CBA) ၏ သတ်မှတ်ချက်များသည် အပိုဒ် ၂ အပိုဒ်ခွဲ (ဇ) ပါ အနိမ့်ဆုံးစံနှုန်းသတ်မှတ်ချက်များ (Minimum Standards of Terms and Conditions) အောက် လျော့နည်းမှုမရှိစေရ}၊

(ခ) အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement - SEA) တွင် ပါရှိသော သင်္ဘောသားများရပိုင်ခွင့်ရှိသည့် အခွင့်အရေးများ၊ ခွင့်ခံစားခွင့်များ၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် နာမကျန်းဖြစ်ခြင်းတို့အပေါ် ဆေးကုသခွင့်နှင့်ဆေးခွင့်ကိစ္စများ၊ လစာကိစ္စများနှင့် သေဆုံးမှုဆိုင်ရာလျော်ကြေးကိစ္စများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ သင်္ဘောသား သို့မဟုတ် တည်ဆဲဥပဒေနှင့်အညီ ခံစားခွင့်ရှိသည့် သင်္ဘောသား၏

အမွေဆက်ခံသူက အမှန်တကယ်ရရှိခံစားနိုင်ရေး မပျက်မကွက် တာဝန်ယူ ဆောင်ရွက်ပေးရမည်၊

(ဂ) သင်္ဘောသား အလုပ်အကိုင်ဝန်ဆောင်မှု ကိစ္စများနှင့်စပ်လျဉ်း၍ တာဝန်ပေးအပ်ထားသော မိမိဝန်ထမ်းများ၏ ပြုမူဆောင်ရွက်ချက်များကို အပြည့်အဝ တာဝန်ယူ တာဝန်ခံရမည်၊

(ဃ) တာဝန်ထမ်းဆောင်မည့် သင်္ဘောသား နှင့် အလုပ်အကိုင်စာချုပ် Seafarers' Employment Agreement - SEA)မချုပ်ဆိုမီ သက်ဆိုင်ရာစုပေါင်းညှိနှိုင်းသဘောတူ စာချုပ်(CBA)နှင့် အနိမ့်ဆုံးစံနှုန်းသတ်မှတ်ချက်များတွင် ပါရှိသော သင်္ဘောသားများ၏ အခွင့်အရေးများနှင့်တာဝန်များကို သက်ဆိုင်ရာသင်္ဘောသားက သေချာစွာနားလည်သဘောပေါက်မှုရှိစေရေးအတွက် ဆောင်ရွက်ရမည်၊

(င) စုပေါင်းညှိနှိုင်းသဘောတူစာချုပ် (CBA) သို့မဟုတ် အလားတူသတ်မှတ်ချက်များနှင့် အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement - SEA) တို့ကို မြန်မာဘာသာပြန်ဆို၍ နိုတြီပတ်ဗလစ် (Notary Public) ပြုလုပ်ထားရှိရမည်၊

(စ) အငြင်းပွားမှု၊ တောင်းဆိုမှု တစ်စုံတစ်ရာ ဖြစ်ပွားပါက အဆိုပါ စုပေါင်းညှိနှိုင်းသဘောတူစာချုပ်(CBA) သို့မဟုတ် အလားတူသတ်မှတ်ချက်များနှင့်အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement - SEA) ပါ အချက်အလက်များကိုသာ တရားဝင်အထောက်အထားအဖြစ် မှတ်ယူ၍ ဆုံးဖြတ်ဆောင်ရွက်ရမည်၊

(ဆ) တာဝန်ထမ်းဆောင်မည့် သင်္ဘောသားနှင့် အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement - SEA) ချုပ်ဆိုရာတွင် စုပေါင်းညှိနှိုင်းသဘောတူစာချုပ် (CBA)သို့မဟုတ် အလားတူသတ်မှတ်ချက်များနှင့်အလုပ်အကိုင်စာချုပ်(Seafarers' Employment Agreement - SEA) တို့တွင် ပါရှိသောသဘောတူညီချက်များကို သက်ဆိုင်ရာသင်္ဘောသားက သေချာစွာ နားလည်သဘောပေါက်စေရေးအတွက် ဖတ်ရှုနိုင်ရန်နှင့် မေးမြန်းမှုများကို ရှင်းလင်းဖြေကြားနိုင်ရန် လက်မှတ်ရေးထိုးခြင်း မပြုမီတွင် လည်းကောင်း၊ လက်မှတ်ရေးထိုးပြီးနောက်တွင် လည်းကောင်း လုံလောက်သောအချိန်နှင့် သင့်လျော်သောပြင်ဆင်မှုများကို ဆောင်ရွက်ပေးထားရမည်။ ထို့အပြင် သင်္ဘောသားက လက်မှတ်ရေးထိုးပြီးသော အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement - SEA) ကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာ

ဖြင့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းတွင် လက်ခံထိန်းသိမ်းထားရှိ၍သင်္ဘောသားကို မိတ္တူတစ်စုံပေးအပ်ရမည်၊

(ဇ) သင်္ဘောသားနှင့် သင်္ဘောပိုင်ရှင်တို့အကြား အငြင်းပွားမှု သို့မဟုတ် ရပိုင်ခွင့်တောင်းဆိုမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက သင်္ဘောပိုင်ရှင်နည်းတူ သက်ဆိုင်ရာချုပ်ဆိုထားသည့်စာချုပ်များအရ တာဝန်ရှိကြောင်း သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင် နေရာချထားခြင်းလုပ်ငန်း၏ ဒါရိုက်တာများ၊ အကျိုးတူဖက်စပ်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများက ရှင်းလင်းစွာ သိရှိထားပြီး ဖြစ်ရမည်၊

(ဈ) သင်္ဘောသားတို့၏အခွင့်အရေးများကို သင်္ဘောပိုင်ရှင်က အမှန်တကယ်ဆောင်ရွက်ပေးနိုင်သည့် အာမခံအကာအကွယ်နှင့်လျော်ကြေး (Protection & Indemnity - P & I) ထားရှိမှသာ အဆိုပါသင်္ဘောပိုင်ရှင်နှင့် လုပ်ငန်းဆောင်ရွက်ရမည်၊

(ည) တာဝန်ထမ်းဆောင်ရန် စေလွှတ်မည့်သင်္ဘောသားအား တာဝန်ထမ်းဆောင်စဉ်ကာလတစ်လျှောက်လုံး အာမခံအကာအကွယ်ရှိသည့်သင်္ဘောတွင်သာ ထမ်းဆောင်နိုင်စေရေးအတွက် တာဝန်ခံဆောင်ရွက်ပေးရမည်၊

(ဋ) သင်္ဘောသားများကို သက်ဆိုင်ရာသင်္ဘောများပေါ်သို့ စေလွှတ်တာဝန်ထမ်းဆောင်ရန် ဦးစီးဌာနက ဆောင်ရွက်ပေးရသည့်ဝန်ဆောင်မှုအတွက် သင်္ဘောသားတစ်ဦး မြန်မာ့ကမ်းလွန်ဆိပ်ကမ်းများ(Offshore terminal)တွင် တာဝန်ထမ်းဆောင်သည့်ကာလအတွက် တစ်ကြိမ်လျှင် ၂၀,၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ကျန်ရေယာဉ်များအားလုံးအတွက် တစ်ကြိမ်လျှင် ၅၀,၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ဦးစီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ ပေးသွင်းရမည်၊

(ဌ) ဦးစီးဌာနကထုတ်ပေးထားသည့်လိုင်စင်ကို မိမိရုံးလုပ်ငန်းဆောင်ရွက်သည့်ရုံးခန်းအတွင်း အများပြည်သူလွယ်ကူစွာ မြင်နိုင်သည့်နေရာ၌ ချိတ်ဆွဲပြသထားရမည်။ ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသည့်ရုံးခွဲများရှိပါက လိုင်စင်မိတ္တူကို ရုံးခွဲများအတွင်း အများပြည်သူလွယ်ကူစွာမြင်နိုင်သည့်နေရာတွင် ချိတ်ဆွဲပြသထားရမည်၊

(ဍ) အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (International Labour Organization - ILO) နှင့် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့(International Maritime Organization

- IMO) တို့မှ ထုတ်ပြန်ထားသည့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်နေရာချထားခြင်းဆိုင်ရာ သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရမည်၊

(ဃ) မြန်မာနိုင်ငံကုန်သည်သင်္ဘောအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာလိုက်နာရမည်ဖြစ်ပြီး အထူးသဖြင့် ယင်းအက်ဥပဒေ ပုဒ်မ ၂၆ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ သင်္ဘောသားအလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်းနှင့်စပ်လျဉ်း၍ ဝန်ဆောင်ခငွေကြေး တစ်စုံတစ်ရာ တောင်းခံခြင်း မပြုရဟူသော အချက်ကို တိကျစွာ လိုက်နာရမည်၊

(ဏ) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်ထားရှိသည့် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ၍ လုပ်ငန်းဆောင်ရွက်ရမည်၊

(တ) အောက်ပါမှတ်တမ်းများနှင့် အထောက်အထားများကို နောက်ဆုံးအခြေအနေနှင့် ကိုက်ညီအောင်ပြုစု၍ အခါအားလျော်စွာ စစ်ဆေးမှုခံယူနိုင်ရန် ထိန်းသိမ်းထားရှိရမည်-

(၁) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားတို့၏ အမည်နှင့် နေရပ်လိပ်စာများ၊

(၂) သင်္ဘောသားများ သက်ဆိုင်ရာသင်္ဘောသို့ ရောက်ရှိတာဝန်ထမ်းဆောင်ခြင်းနှင့် တာဝန်ပြီးဆုံးခြင်း၊

(၃) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားများ၏ ဆေးစစ်ချက်မှတ်တမ်းများ၊

(၄) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားများ၏ ကိုယ်ရေးအချက်အလက်များ၊

(၅) အလုပ်အကိုင်စာချုပ် (Seafarers’ Employment Agreement - SEA) မူရင်းများနှင့် သင်္ဘောအတက်အဆင်း (Sign On၊ Sign Off) မှတ်တမ်းများ၊

(၆) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်း နှင့် သင်္ဘောပိုင်ရှင်တို့အကြား ချုပ်ဆိုထားသောသဘောတူစာချုပ် (Agreement Contract) မူရင်းများ၊

(၇) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားတစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုလက်မှတ် (Certificate of Competency) နှင့် တတ်ကျွမ်းမှုလက်မှတ် (Certificate of Proficiency) တို့၏ မိတ္တူများ၊

(၈) သက်ဆိုင်ရာ သင်္ဘောအသီးသီးတွင် တာဝန်ထမ်းဆောင်စဉ် သေဆုံးသော သို့မဟုတ် ဒဏ်ရာရရှိသော သင်္ဘောသားတစ်ဦးချင်းစီ နှင့်စပ်လျဉ်းသည့် အောက်ပါမှတ်တမ်းများ-

(ကက) ဥပဒေအရ အမွေဆက်ခံခွင့်ရှိသူ၊

(ခခ) သင်္ဘောသား မှတ်ပုံတင်နှင့် လုပ်သက်မှတ်တမ်းစာအုပ် (Seafarer's Identification and Record Book- SIRB)၊

(ဂဂ) မြန်မာနိုင်ငံကူးလက်မှတ်၊

(ဃဃ) သင်္ဘောအမည်၊

(ငင) သင်္ဘောပိုင်ရှင်လိပ်စာ၊

(စစ) အခင်းဖြစ်ပွားသည့်ရက်စွဲ၊ နေရာနှင့် ဖြစ်ပွားပုံ၊

(ဆဆ) ၎င်းတို့အတွက်ဆောင်ရွက်ပေးခဲ့သည့် မှတ်တမ်းများ။

(၉) လုပ်ငန်းချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် သင်္ဘောပိုင်ရှင်တို့၏ အချက်အလက်များနှင့် ကုမ္ပဏီကိုယ်ရေးအကျဉ်း (company profile)၊

(၁၀) လုပ်ငန်းချိတ်ဆက် ဆောင်ရွက်လျက်ရှိသည့် သင်္ဘောပိုင်ရှင်၏ သင်္ဘောတစ်စီးချင်းစီအလိုက် သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသောသင်္ဘောသားများစာရင်း (up-to-date crew list)၊

(၁၁) စုဆောင်း၊တာဝန်ထမ်းဆောင်စေသည့်သင်္ဘောသားနှင့်သင်္ဘောပိုင်ရှင်အကြား ဖြစ်ပွားသည့်ကိစ္စများနှင့် အဆိုပါကိစ္စများအပေါ် ဖြေရှင်းဆောင်ရွက်ပေးမှု မှတ်တမ်းများ။

(ထ) ဦးစီးဌာနနှင့် ရုံးလုပ်ငန်းကိစ္စများ ဆက်သွယ်ဆောင်ရွက်နိုင်ရန် လိုင်စင်တွင် ပါရှိသော ဒါရိုက်တာအဖွဲ့ဝင်များမှ နှစ်ဦး သို့မဟုတ် သုံးဦးကို ဦးစီးဌာနသို့ တင်ပြ၍ ကိုယ်စားလှယ်အဖြစ် ခန့်အပ်တာဝန်ပေးထားရမည် (ထိုသို့တာဝန်ပေးအပ်ထားသော ဒါရိုက်တာများ၏ ဆောင်ရွက်ချက်များသည် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းကိုကိုယ်စားပြုသောဆောင်ရွက်မှုများအဖြစ် မှတ်ယူရမည်)၊

(ဒ) သက်ဆိုင်ရာသင်္ဘောများတွင် တာဝန်ထမ်းဆောင်လျက်ရှိသောသင်္ဘောသားများ၏ သင်္ဘောသားအတက်အဆင်း(Sign On၊ Sign Off) စာရင်းနှင့်သင်္ဘောတစ်စီးချင်း

စီအလိုက် တာဝန်ထမ်းဆောင်နေသော သင်္ဘောသားစာရင်း (Onboard)ကို ဦးစီးဌာန၏ သင်္ဘောသားဌာနခွဲသို့ လစဉ်ပထမပတ်အတွင်း ပေးပို့တင်ပြရမည်၊

(ဓ) သက်ဆိုင်ရာသင်္ဘောများတွင် တာဝန်ထမ်းဆောင်လျက်ရှိသောသင်္ဘောသားများ၏ ရာထူးအဆင့်များအလိုက် လစာနှုန်းထားပြောင်းလဲခြင်း၊ သင်္ဘောပိုင်ရှင်အစီအစဉ်ဖြင့် သင်္ဘောပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်း၊ ရာထူးအဆင့်ပြောင်းလဲခြင်းရှိသည့်အခါတိုင်း ဦးစီးဌာန၏သင်္ဘောသားဌာနခွဲသို့လစာစာရင်း၊ ရာထူးပြောင်းလဲမှုစာရင်းနှင့်တကွ အချိန်နှင့်တစ်ပြေးညီ ပေးပို့တင်ပြရမည် (စာမေးပွဲဖြေဆိုရန်ရည်ရွယ်သည့်သင်္ဘောသားများအတွက် သင်္ဘောပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခြင်း၊ ရာထူးအဆင့်ပြောင်းလဲခြင်းကိစ္စများကို ရေကြောင်းဌာနခွဲသို့ လည်းကောင်း၊ ရေကြောင်းအင်ဂျင်နီယာဌာနခွဲသို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ အချိန်မီပေးပို့တင်ပြရမည်)၊

(န) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းသည် ဦးစီးဌာနမှ ပင်လယ်ပြင်လုပ်သက်အတည်ပြုချက်(approved seagoing service) ရယူရန်လိုအပ်သည့်သင်္ဘောသားအနေဖြင့် တာဝန်ထမ်းဆောင်မည့်သင်္ဘောသို့ ထွက်ခွာခြင်းမပြုမီ ပင်လယ်ပြင်လုပ်သက်ပုံစံ (sea service testimonial form) အား အွန်လိုင်း (online)စနစ်ဖြင့် ထုတ်ယူခြင်းနှင့် တာဝန်ပြီးဆုံး၍ ပြန်လည်ရောက်ရှိလာသောသင်္ဘောသားများအနေဖြင့် သက်ဆိုင်ရာရေယာဉ်မှူးက အတည်ပြုလက်မှတ်ရေးထိုးထားသော ပင်လယ်ပြင်လုပ်သက်ပုံစံ (sea service testimonial form) ကို ရေကြောင်းဌာနခွဲနှင့် ရေကြောင်းအင်ဂျင်နီယာဌာနခွဲသို့ သတ်မှတ်ရက်အတွင်း အွန်လိုင်း(online)စနစ်ဖြင့် လျှောက်ထား၍ ဦးစီးဌာန၏ ပင်လယ်ပြင်လုပ်သက်အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ပေးရမည်၊

(ပ) သင်္ဘောပိုင်ရှင်၏စီမံခန့်ခွဲမှုအောက်တွင်ရှိသောသင်္ဘောများတွင် တာဝန်ထမ်းဆောင်ရန် သင်္ဘောသားများစေလွှတ်ခြင်းကို အဆိုပါသင်္ဘောပိုင်ရှင်နှင့် ချုပ်ဆိုထားသောသဘောတူစာချုပ် (Agreement Contract) ၏ သက်တမ်း ကာလအတွင်း၌သာ ဆောင်ရွက်ရမည်၊

(ဖ) မိမိတို့စေလွှတ်တာဝန်ထမ်းဆောင်စေသည့် သင်္ဘောသားများ နှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံမှထွက်ခွာသည့်အချိန်မှ ပြန်လည်ရောက်ရှိသည့်

အချိန်အထိကာလအတွင်း သင်္ဘောသားများ၏ မည်သည့်ထူးခြားမှုဖြစ်စဉ်ကိုမဆို ဦးစီးဌာန၏ သင်္ဘောသားဌာနခွဲသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြရမည်၊

(ဗ) စုဆောင်းထားသည့် သင်္ဘောသားများကို တာဝန်ထမ်းဆောင်မည့် သင်္ဘောသို့ စေလွှတ်နိုင်ရန် အောက်ဖော်ပြပါစာရွက်စာတမ်းများကို ဦးစီးဌာနသို့ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ သင်္ဘောသားများ စေလွှတ်ခြင်းကို ဆောင်ရွက်ရမည်-

(၁) သင်္ဘောသားများ တာဝန်ထမ်းဆောင်မည့် ပြည်ပရှိ သင်္ဘောပိုင်ရှင် နှင့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းတို့ ချုပ်ဆိုထားသည့် သဘောတူစာချုပ်(Agreement Contract) မိတ္တူမှန်၊

(၂) ပြည်ပရှိသင်္ဘောပိုင်ရှင်များ၏ ကုမ္ပဏီကိုယ်ရေးအကျဉ်း(Profile)နှင့် ကုမ္ပဏီ မှတ်ပုံတင် (Registration) မိတ္တူမှန်၊

(၃) သင်္ဘောပိုင်ရှင်အလိုက် သင်္ဘောစာရင်း၊

(၄) သင်္ဘောတစ်စီးချင်းအလိုက် သင်္ဘောသားများ၏ လစာစာရင်း၊

(၅) သင်္ဘောသားများ သက်သာချောင်ချိရေးနှင့် လူမှုဖူလုံရေး (Walfare and Social Security) အတွက် အာမခံထားရှိသည့် အာမခံအကာအကွယ်နှင့် လျော်ကြေး (Protection & Indemnity - P & I) များ၊

(၆) ပင်လယ်ရေကြောင်းအလုပ်သမားဆိုင်ရာ ကွန်ဗင်းရှင်း (Maritime Labour Convention - MLC) ပါ သတ်မှတ်ချက်များနှင့်အညီ မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြုစုထားသော အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement - SEA)။

(ဘ) သင်္ဘောသားများကို သက်ဆိုင်ရာသင်္ဘောများသို့ စေလွှတ်ရာတွင် အဆိုပါ သင်္ဘောသားအသီးသီးက ကိုင်ဆောင်သည့် ကျွမ်းကျင်မှုလက်မှတ် (Certificate of Competency) နှင့် တတ်ကျွမ်းမှုလက်မှတ် (Certificate of Proficiency) များ သည် ဦးစီးဌာနက ထုတ်ပေးထားသည့်လက်မှတ်များ မှန်ကန်ကြောင်း စိစစ်ပြီးမှ သာ တာဝန်ထမ်းဆောင်စေရမည်၊

(မ) သက်ဆိုင်ရာသင်္ဘောသားများကိုင်ဆောင်ထားသည့် လက်မှတ်များတွင် ဖော်ပြထား သော စွမ်းဆောင်ရည် (Capacity) နှင့် ကန့်သတ်ချက် (Limitation) တို့အရ သက်ဆိုင်ရာသင်္ဘောပိုင်ရှင်များက အလုပ်တာဝန်ခန့်ထားရေး သေချာမှုရှိစေရန် ဆောင်ရွက်ရမည်၊

(ယ) သင်္ဘောသားများအား တာဝန်ထမ်းဆောင်မည့်သင်္ဘောသို့ စေလွှတ်ခြင်းမပြုမီ ဦးစီးဌာနက အသိအမှတ်ပြုထားသည့် ဆရာဝန်များ နှင့် ကျန်းမာရေးဓာတ်ခွဲခန်းများ၌သာ ဆေးစစ်ခြင်းကို ဆောင်ရွက်စေရမည်၊

(ရ) သင်္ဘောသားများအား တာဝန်ထမ်းဆောင်မည့်သင်္ဘောသို့ စေလွှတ်ရာတွင် ဦးစီးဌာန၏ သင်္ဘောသားဌာနခွဲတွင် သင်္ဘောသားတစ်ဦးချင်းစီအတွက် ခွင့်ပြုချက်တောင်းခံပြီး ထွက်ခွာခွင့်ပြုကြောင်းစာရရှိမှသာ သက်ဆိုင်ရာသင်္ဘောသို့ စေလွှတ်ခြင်းကို ဆောင်ရွက်ရမည်၊

(လ) မိမိတို့စေလွှတ်ထားသည့် သင်္ဘောသားအား တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးအတွက် စီစဉ်ပေးထားရမည်ဖြစ်ပြီး အဆိုပါအစီအစဉ်အား သင်္ဘောသားက ငြင်းဆို၍ ၎င်း၏အစီအစဉ်ဖြင့် ဆောင်ရွက်သွားရန်ရှိပါက သင်္ဘောသားအဆင်း (Sign Off) ပြုလုပ်ပြီးနောက် တစ်ပတ်အတွင်း ၎င်းတာဝန်ထမ်းဆောင်ခဲ့သည့် သင်္ဘောပိုင်ရှင်ထုတ်ပေးသည့် အကြောင်းကြားစာနှင့်အတူ ဦးစီးဌာနသို့ တင်ပြထားရမည်၊

(ဝ) သင်္ဘောသားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုအရည်အသွေးကို စစ်ဆေးမှုခံယူနိုင်ရေးအတွက် အရည်အသွေးစီမံခန့်ခွဲမှုစနစ် (Quality Management System) ကို ရေးဆွဲထားရမည် {အဆိုပါရေးဆွဲထားသည့်အရည်အသွေးစီမံခန့်ခွဲမှုစနစ်ကို ဦးစီးဌာနက အသိအမှတ်ပြုထားသည့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးအဖွဲ့အစည်း (International Organization for Standardization - ISO) ၏ စစ်ဆေးမှုကို ခံယူပြီး ပင်လယ်ရေကြောင်းအလုပ်သမားဆိုင်ရာကွန်ဗင်းရှင်း (Maritime Labour Convention - MLC)ပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ထားကြောင်း အသိအမှတ်ပြုလက်မှတ်များ ရယူထားရမည်} ၊

(သ) ဤအမိန့်ကြော်ငြာစာပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ထားမှုအခြေအနေများ၊ နောက်ဆုံးအခြေအနေ၊ ကိုက်ညီသောမှတ်တမ်းနှင့် အထောက်အထားများကို အစစ်ဆေးခံနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်ထားရမည်၊

(ဟ) ကုမ္ပဏီအမည်ပြောင်းခြင်းအတွက် ကျပ် ၅၀,၀၀၀၊ ဒါရိုက်တာအဖွဲ့ဝင် (Board of Director) တိုးခြင်း၊ လျှော့ခြင်း၊ ပြောင်းလဲခြင်းနှင့် လိပ်စာပြောင်းခြင်းအတွက် ကျပ် ၁၀,၀၀၀ ကို ဦးစီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ ပေးသွင်းရမည်၊

(ဌ) သင်္ဘောသားများကို ပြည်ပဆိပ်ကမ်း သို့မဟုတ် နေရာဒေသတစ်ခုခုတွင် သင်္ဘောပိုင်ရှင်က တာဝန်ယူမှုမရှိတော့ဘဲ လျစ်လျူရှုပစ်ပယ်ထားခြင်း (abandonment of seafarers) ပြုခဲ့ပါက ၎င်းတို့ကိုစေလွှတ်ခဲ့သည့် သက်ဆိုင်ရာ သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းက တာဝန်ယူဖြေရှင်းပေးရမည်၊

(ဍ) သင်္ဘောသားစုဆောင်းခြင်း နှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းသည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်-

(၁) ဦးစီးဌာနက ထုတ်ပေးထားသည့်လိုင်စင်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းပေးခြင်းနှင့် အသုံးပြုစေခြင်းမပြုရ၊

(၂) သင်္ဘောသားအလုပ်အကိုင်ဝန်ဆောင်မှုနှင့်သက်ဆိုင်သည့်လုပ်ငန်းမှန်သမျှကို ဦးစီးဌာနက ထုတ်ပေးထားသည့် လိုင်စင်တွင်ပါရှိသည့် ရုံးလိပ်စာတွင်သာ ဆောင်ရွက်ရမည်ဖြစ်ပြီး ခွင့်ပြုချက်မရှိဘဲ ရုံးခွဲဖွင့်လှစ်ခြင်း၊ ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်စေခြင်းမပြုရ၊

(၃) တာဝန်ထမ်းဆောင်မည့်သင်္ဘောသားအားလက်မှတ်အတုကိုင်ဆောင်စေခြင်း သို့မဟုတ် အားပေးကူညီခြင်း၊သင်္ဘောသားမှတ်ပုံတင်နှင့်လုပ်သက်မှတ်တမ်းစာအုပ် (Seafarer’s Identification and Record Book - SIRB) အတုကိုင်ဆောင်ခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်ခြင်းအတွက် ဆောင်ရွက်ပေးခြင်း သို့မဟုတ် အားပေးကူညီခြင်းမပြုရ၊

(၄) သင်္ဘောသားများ၏ အလုပ်တာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ (Ability and Conduct) ကိစ္စများကိုလည်းကောင်း၊ သင်္ဘောသား၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိန်းသိမ်းစောင့်စည်းအပ်သည့်အချက်အလက်များကိုလည်းကောင်း ထုတ်ဖော်ခြင်း၊ သတင်းပေးခြင်း၊ ဖြန့်ဝေခြင်း၊တစ်နည်းနည်းဖြင့်သိရှိစေခြင်းတို့ကြောင့် သင်္ဘောသား၏ပုဂ္ဂိုလ်ရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းကို ထိခိုက်စေသည့် ပြုမူဆောင်ရွက်ခြင်းများမပြုရ။

**အာမခံစပေါ်ငွေ (Deposit)**

၁၁။ သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းသည် ဦးစီးဌာနမှ ယာယီလိုင်စင်ထုတ်ပေးရန် ခွင့်ပြုချက်ရရှိပါက အာမခံစပေါ်ငွေကျပ် ၅,၀၀၀,၀၀၀ ကို ဦးစီးဌာန၏ ငွေစာရင်းသို့ ပေးသွင်း၍ စပေါ်တင်ထားရမည်။

**ရန်ပုံငွေထည့်ဝင်ခြင်း**

၁၂။ သဘော်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းသည် ဦးစီးဌာနမှ လိုင်စင်ထုတ်ပေးရန်ခွင့်ပြုချက်ရရှိပါက မြန်မာနိုင်ငံရေကြောင်းလောကဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ သဘော်သားများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေးနှင့် သဘော်သားလူမှုဖူလုံရေးကိစ္စရပ်များ အတွက် သတ်မှတ်ထားသည့်ရန်ပုံငွေကို ထည့်ဝင်ရမည်။

**အာမခံစပေါ်ငွေ ထုတ်ယူသုံးစွဲခြင်း**

၁၃။ ဦးစီးဌာနသည်-

(က) သဘော်သားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းက ဦးစီးဌာန တွင် မှတ်ပုံတင်ထားသည့် သဘော်သားအားစုဆောင်းခြင်းနှင့် တာဝန်ထမ်းဆောင် စေခြင်းကိစ္စများ ဆောင်ရွက်ရာတွင် ဦးစီးဌာနကဆောင်ရွက်ပေးရသည့်ဝန်ဆောင်မှု များအတွက် နိုင်ငံတော်သို့ ပေးသွင်းရန်ရှိသောဝန်ဆောင်ခ ကြွေးကျန်များအား အာမခံစပေါ်ငွေမှ ထုတ်ယူ၍ နိုင်ငံတော်သို့ပေးသွင်းနိုင်သည်၊

(ခ) သဘော်သားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းက စုဆောင်း တာဝန်ထမ်းဆောင်စေသည့် သဘော်သား၏ နစ်နာမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာနက ဆုံးဖြတ်ပေးသော သဘော်သားသေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုအတွက် ပေးရမည့် လျော်ကြေး၊ လစာကြွေးကျန်များ၊ လေယာဉ်လက်မှတ်ခ၊ တည်းခိုခနှင့် အပြန်ခရီး စရိတ် (repatriation cost) ကဲ့သို့ သဘော်သား၏ ရပိုင်ခွင့်ငွေကြေးများအား အာမခံစပေါ်ငွေမှ ထုတ်ယူ၍ သက်ဆိုင်ရာသို့ ထုတ်ပေးနိုင်သည်။

၁၄။ သဘော်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းသည် အပိုဒ် ၁၃ အရ အာမခံစပေါ်ငွေမှ ထုတ်ယူသဖြင့် လျော့နည်းသွားသည့်ငွေကြေးကို တစ်လအတွင်း ပြန်လည် ဖြည့်တင်းထားရမည်။

၁၅။ သဘော်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းသည် အောက်ဖော် ပြပါကိစ္စရပ်များ ဖြစ်ပွားပါက တစ်ကြိမ်လျှင် ကျပ် ၅,၀၀၀,၀၀၀ ကို အာမခံစပေါ်ငွေအဖြစ် ဦးစီး ဌာနသို့ ထပ်မံပေးသွင်းရမည်-

(က) သဘော်သားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း၏ ပေါ့ဆမှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့် ၎င်းတို့စေလွှတ်ထားသည့်မြန်မာသဘော်သား တစ်ဦးဦး ပြည်ပနိုင်ငံတွင် ပြစ်ဒဏ်ကျခံရခြင်း၊

(ခ) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းမှ စေလွှတ်သောသင်္ဘောသားများကို မလွန်ဆန်နိုင်သောကိစ္စမှတစ်ပါး စာချုပ်သက်တမ်းပြည့်ပြီးသော်လည်း မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိရန် ဆောင်ရွက်ပေးမှုမရှိခြင်း၊

(ဂ) ပင်လယ်ရေကြောင်းအလုပ်သမားဆိုင်ရာ ကွန်ဗင်းရှင်း (Maritime Labour Convention - MLC)အရ သင်္ဘောပိုင်ရှင်က ကျခံရမည့်ကုန်ကျစရိတ်တစ်မျိုးမျိုးကို သင်္ဘောသားအား ကျခံစေခြင်း၊

(ဃ) အထောက်အထား၊ စာရွက်စာတမ်းအတု ကိုင်ဆောင်ထားသည့် သင်္ဘောသားအား စိစစ်ခြင်းမပြုဘဲ စေလွှတ်ခန့်ထားခြင်း။

၁၆။ သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းသည် အောက်ပါအခြေအနေများတွင် အပိုဒ် ၁၃ ပါ ကိစ္စရပ်များအတွက် ပေးချေပြီးနောက် အာမခံထားရှိသည့် အာမခံစပေါ်ငွေမှ ကျန်ရှိသည့် အာမခံစပေါ်ငွေကို ပြန်လည်ထုတ်ယူခွင့်ရှိသည်-

(က) လိုင်စင်ရုပ်သိမ်းခံရခြင်း၊

(ခ) လိုင်စင်အား ပြန်လည်အပ်နှံခြင်း။

**ယာယီလိုင်စင်ပယ်ဖျက်ခြင်း၊ လိုင်စင်အားဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းနှင့် တည်ဆဲဥပဒေအရ ဆောင်ရွက်ခြင်း**

၁၇။ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်-

(က) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်း သည် ယာယီလိုင်စင်သက်တမ်းကာလအတွင်း အနည်းဆုံး သင်္ဘောသားအရေအတွက် ၁၀ ဦးကို အလုပ်အကိုင်ရှာဖွေပေးနိုင်မှုမရှိလျှင် ယာယီလိုင်စင်အား ပယ်ဖျက်ခြင်းခံရမည်၊

(ခ) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းသည် လိုင်စင်သက်တမ်းကာလအတွင်း-

(၁) အပိုဒ် ၁၀ အပိုဒ်ခွဲ(ဗ) အား ဖောက်ဖျက်ခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက စာဖြင့်သတိပေးခြင်း သို့မဟုတ် လိုင်စင်အား သုံးလ ဆိုင်းငံ့ခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား တစ်နှစ်မှ နှစ်နှစ်အထိ ဆိုင်းငံ့ခြင်းနှင့် တတိယအကြိမ်ဖြစ်ပါက လိုင်စင်ရုပ်သိမ်းခြင်းခံရမည်၊

(၂) ဦးစီးဌာန၏ ထွက်ခွာခွင့်ပြုကြောင်း စာရရှိရန် မမှန်ကန်သောနည်းလမ်းဖြင့် ခရီးသွားစာရွက်စာတမ်းများကို အတုပြုလုပ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းများဆောင်ရွက်၍ တာဝန်ထမ်းဆောင်မည့် သင်္ဘောသားအား ဦးစီးဌာနက ခွင့်ပြုထားခြင်းမရှိသည့် အခြားသင်္ဘောတစ်စီး သို့မဟုတ် သင်္ဘောလုပ်ငန်းနှင့်သက်ဆိုင်ခြင်းမရှိသည့် လုပ်ငန်းခွင်တစ်ခုခုသို့ သင်္ဘောသားစေလွှတ်ခန့်ထားခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အားသုံးလမှ ခြောက်လအထိ ဆိုင်းငံ့ခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အားတစ်နှစ် ဆိုင်းငံ့ခြင်းနှင့် တတိယအကြိမ်ဖြစ်ပါက လိုင်စင်ရုပ်သိမ်းခြင်းခံရမည်၊

(၃) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ မမှန်မကန်ကြေညာခြင်း၊ မှန်ကန်မှုမရှိသည့် သတင်းအချက်အလက် သို့မဟုတ် စာရွက်စာတမ်းဖြန့်ဝေခြင်းတို့အတွက် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား သုံးလမှ ခြောက်လအထိ ဆိုင်းငံ့ခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ခြောက်လမှ တစ်နှစ်အထိ ဆိုင်းငံ့ခြင်းနှင့် တတိယအကြိမ်ဖြစ်ပါက လိုင်စင်ရုပ်သိမ်းခြင်းခံရမည်၊

(၄) ဦးစီးဌာနကအတည်ပြုထားသည့်သဘောတူစာချုပ် (Agreement Contract) သို့မဟုတ် အလုပ်အကိုင်စာချုပ် (Seafarers' Employment Agreement - SEA) ကို အစားထိုးခြင်းနှင့် ပြောင်းလဲခြင်းများပြုလုပ်၍ သင်္ဘောသားနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းကြောင့် သင်္ဘောသားအား နစ်နာမှုဖြစ်ပေါ်စေခဲ့လျှင် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား သုံးလမှ ခြောက်လ အထိဆိုင်းငံ့ခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ခြောက်လမှ တစ်နှစ်အထိ ဆိုင်းငံ့ခြင်းနှင့် တတိယအကြိမ်ဖြစ်ပါက လိုင်စင်ရုပ်သိမ်းခြင်းခံရမည်၊

(၅) စုဆောင်း၊ တာဝန်ထမ်းဆောင်စေသည့်သင်္ဘောသား၏ မြန်မာနိုင်ငံကူးလက်မှတ်၊ သင်္ဘောသားမှတ်ပုံတင်နှင့်လုပ်သက်မှတ်တမ်းစာအုပ်၊ ကျွမ်းကျင်မှုလက်မှတ် (Certificate of Competency) နှင့် တတ်ကျွမ်းမှုလက်မှတ် (Certificate of Proficiency) သို့မဟုတ် ၎င်း၏ကိုယ်ပိုင် စာရွက်စာတမ်းနှင့် စာချုပ်များကိုသိမ်းဆည်းထားလျှင်ဖြစ်စေ၊ ပြန်လည်ပေးအပ်ရန် ငြင်းဆိုလျှင်ဖြစ်စေ ပထမအကြိမ်ဖြစ်ပါက စာဖြင့်သတိပေးခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက

လိုင်စင်အား သုံးလမှ ခြောက်လအထိ ဆိုင်းငံ့ခြင်းနှင့် တတိယအကြိမ်ဖြစ်ပါက လိုင်စင်ရုပ်သိမ်းခြင်းခံရမည်၊

(၆) ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်ကြော်ငြာစာများအပေါ် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက စာဖြင့်သတိပေးခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား သုံးလမှ ခြောက်လအထိ ဆိုင်းငံ့ခြင်းနှင့် တတိယအကြိမ်ဖြစ်ပါက လိုင်စင်ရုပ်သိမ်းခြင်းခံရမည်၊

(၇) ဦးစီးဌာနသို့ တင်ပြရမည့် အစီရင်ခံစာများကို သတ်မှတ်ထားသည့် ကာလအတွင်း အချိန်မီတင်ပြရန် ပျက်ကွက်ခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက စာဖြင့်သတိပေးခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား သုံးလမှ ခြောက်လအထိ ဆိုင်းငံ့ခြင်းနှင့် တတိယအကြိမ်ဖြစ်ပါက လိုင်စင်ရုပ်သိမ်းခြင်းခံရမည်၊

(၈) ဝန်ဆောင်မှုကြေးအား သုံးလအထိ ပေးဆောင်ရန် ပျက်ကွက်ခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက စာဖြင့်သတိပေးခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား သုံးလမှ ခြောက်လအထိ ဆိုင်းငံ့ခြင်းနှင့် တတိယအကြိမ်ဖြစ်ပါက လိုင်စင်ရုပ်သိမ်းခြင်းခံရမည်၊

(၉) ထူးခြားဖြစ်စဉ်အား အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရန်ပျက်ကွက်ခြင်းအတွက် ပထမအကြိမ်ဖြစ်ပါက စာဖြင့်သတိပေးခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား သုံးလမှ ခြောက်လအထိ ဆိုင်းငံ့ခြင်းနှင့် တတိယအကြိမ်ဖြစ်ပါက လိုင်စင်ရုပ်သိမ်းခြင်းခံရမည်၊

(၁၀) သင်္ဘောသားတစ်ဦးသည် ဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်၍ စေလွှတ်ခွင့်ပြုထားသော သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်စဉ် သက်ဆိုင်ရာသင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်း၏ ပေါ့လျော့မှုကြောင့်မဟုတ်ဘဲ သင်္ဘောပိုင်ရှင်၏ လွဲမှားမှုကြောင့် ပြည်ပနိုင်ငံ၌ ပြစ်ဒဏ်ကျခံရခြင်းဖြစ်ပါက ယင်းသင်္ဘောပိုင်ရှင်၏လွဲမှားမှုကို တာဝန်ခံမှုရှိစေရန် ပြစ်ဒဏ်ကျခံရသည့် သင်္ဘောသားအတွက် ထိုက်သင့်သော ကြိုးပမ်းအားထုတ်မှုကို ထည့်သွင်းစဉ်းစားလျက် ၎င်းသင်္ဘောသား ပြန်လည်လွတ်မြောက်ချိန်ထိ လိုင်စင်အား အသုံးပြုခွင့်ဆိုင်းငံ့ထားခြင်း ခံရမည်ဖြစ်ပြီး

ပြန်လည်လွတ်မြောက်လာပါက အာမခံစပေါ်ငွေ ထပ်မံပေးသွင်း၍ လုပ်ငန်း ပြန်လည်ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ဂ) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်းသည် လိုင်စင်သက်တမ်းကာလအတွင်း အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက လိုင်စင်အား ရုပ်သိမ်းခြင်းခံရမည်-

(၁) သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်း၏ ကုမ္ပဏီမှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီး ခြောက်လအတွင်း သက်တမ်းတိုး မတင်ပြနိုင်ခြင်း၊

(၂) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင် ရုပ်သိမ်းခံရခြင်း၊

(၃) ဦးစီးဌာနက ထုတ်ပေးထားသည့် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် ခြောက်လအတွင်း သက်တမ်းတိုး ဆောင်ရွက်မှုမရှိခြင်း၊

(၄) အာမခံစပေါ်ငွေမှ လျော့နည်းသွားသည့် ငွေအားတစ်လအတွင်း ပြန်လည် ဖြည့်တင်းထားမှုမရှိခြင်း၊

(၅) ဦးစီးဌာနက သတ်မှတ်ထားသော အာမခံစပေါ်ငွေအား သတ်မှတ်ကာလ အတွင်း ပေးသွင်းမှုမရှိခြင်း၊

(၆) လိုင်စင်သက်တမ်း ငါးနှစ်ကာလအတွင်း အနည်းဆုံး သင်္ဘောသား အရေအတွက် ၅၀ ဦး ကို အလုပ်အကိုင်ရှာဖွေပေးနိုင်မှုမရှိခြင်း၊

(၇) ဦးစီးဌာနက ထုတ်ပေးထားသည့်လိုင်စင်ကို သက်ဆိုင်မှုမရှိသူအား လွှဲပြောင်း ပေးခြင်း သို့မဟုတ် အသုံးပြုစေခြင်း၊

(၈) နိုင်ငံတော်၏ဂုဏ်သိက္ခာ သို့မဟုတ် သင်္ဘောသားများ၏ ကျန်းမာရေး နှင့် ကိုယ်ကျင့်တရားကို ထိခိုက်နစ်နာစေသောအလုပ်နေရာများတွင် သင်္ဘောသား များ စေလွှတ်ခန့်ထားခြင်း၊

(၉) သင်္ဘောသားအား အာမခံအကာအကွယ်နှင့်လျော်ကြေး (Protection & Indemnity - P & I)မရှိသောသင်္ဘောသို့ စေလွှတ်ခဲ့ကြောင်း စိစစ်တွေ့ရှိခြင်း၊

(၁၀) သင်္ဘောသားကို သင်္ဘောသားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်း လုပ်ငန်း၏ တရားဝင်လုပ်ပိုင်ခွင့် ရရှိထားသောသင်္ဘောများသို့ စေလွှတ်ခြင်း မဟုတ်ဘဲ ဦးစီးဌာနက အသိအမှတ်ပြုထားခြင်းမရှိသော သင်္ဘောပေါ်သို့ အခကြေးငွေရယူစေလွှတ်ကြောင်း စစ်ဆေးတွေ့ရှိခြင်း။

(ဃ) သဘော်သသားစုဆောင်းခြင်းနှင့်အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းသည် လိုင်စင်သက်တမ်းကာလအတွင်း-

(၁) လုပ်ငန်းဆောင်ရွက်ရာတွင် သဘော်သသားများထံမှ ငွေကြေး၊ ဥစ္စာပစ္စည်း၊ ဝန်ဆောင်မှု သို့မဟုတ် စရိတ်စက တစ်မျိုးမျိုးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တောင်းယူခြင်း သို့မဟုတ် လက်ခံရယူခြင်း ဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် လိုင်စင်ရုပ်သိမ်းခြင်းနှင့် မြန်မာနိုင်ငံကုန်သည်သဘော်အက်ဥပဒေအရ တရားစွဲဆိုခြင်းခံရမည်၊

(၂) သဘော်သသား၏ ခံစားခွင့်ရှိသော လစာ၊ စရိတ်နှင့် အခြားရပိုင်ခွင့်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ သိမ်းဆည်းထားခြင်းနှင့် ပြန်လည်ထုတ်ပေးရန် ငြင်းဆိုခြင်းတို့အပေါ် ပထမအကြိမ်ဖြစ်ပါက စာဖြင့်သတိပေးခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ခြောက်လမှတစ်နှစ်အထိ ဆိုင်းငံ့ခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်ရုပ်သိမ်းခြင်းနှင့် ဦးစီးဌာနက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက တရားစွဲဆိုခြင်း ခံရမည်၊

(၃) သဘော်ပိုင်ရှင်ကိုယ်စား သဘော်သသားစုဆောင်းခြင်းနှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းက တာဝန်ယူကျခံပေးရမည့် ကုန်ကျစရိတ်များကို တာဝန်ထမ်းဆောင်သည့် သဘော်သသားက စိုက်ထုတ်ကျခံခဲ့ရသဖြင့် အဆိုပါကုန်ကျစရိတ်များကို သက်ဆိုင်ရာသဘော်သသားသို့ ပြန်လည်ထုတ်ပေးရန်ပျက်ကွက်လျှင် ပထမအကြိမ်ဖြစ်ပါက လိုင်စင်အား သုံးလမှ ခြောက်လအထိ ဆိုင်းငံ့ခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက လိုင်စင်အား ခြောက်လမှ တစ်နှစ်အထိ ဆိုင်းငံ့ခြင်း၊ တတိယအကြိမ်ဖြစ်ပါက လိုင်စင်ရုပ်သိမ်းခြင်း နှင့် ဦးစီးဌာနက ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက တရားစွဲဆိုခြင်းခံရမည်၊

(၄) လိုင်စင်လျှောက်ထားခြင်း နှင့် လိုင်စင်သက်တမ်းတိုး လျှောက်ထားခြင်းတို့တွင် မှန်ကန်မှုမရှိသည့် အချက်အလက်များဖြင့် ဦးစီးဌာနသို့ လိမ်လည်တင်ပြဆောင်ရွက်ခဲ့လျှင် ထုတ်ပေးထားသည့် လိုင်စင်အားရုပ်သိမ်းခြင်း နှင့် တရားစွဲဆိုခြင်းခံရမည်။

**သတ်မှတ်ချက်များထုတ်ပြန်ခြင်း**

၁၈။ ဦးစီးဌာနသည် လိုင်စင်သက်တမ်းအတွင်း သင်္ဘောသားစုဆောင်းခြင်း နှင့် အလုပ်အကိုင်နေရာချထားခြင်းလုပ်ငန်းက လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များကို အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

၁၉။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၁-၉-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၇ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာကိုကိုနိုင်
ညွှန်ကြားရေးမှူးချုပ်(တာဝန်)

စာအမှတ်၊ ရညန/ အမိန့်ကြော်ငြာစာ/၁၈၀၉
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်
မြန်မာသင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
} ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံပြန်တမ်း အပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

**မိတ္တူကို**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊
ဥပဒေရေးရာဝန်ကြီးဌာန၊
ရုံးလက်ခံ။